# ပျိုး

## ချစ်သူကသွန်းဆစ်တဲ့ အလင်းသစ်နှင်းဆီ



cover : Idea Kyaw & Mg Kyaw Oo

ဒုတိယအကြိမ်

# အခန်း (၁)

"ငိုမနေစမ်းပါနဲ့ ဟာ၊ အခုယူရမှာ လည်း မဟုတ်ဘဲနဲ့ ၊ မဖြစ်သေးတာကိုများ ကြိုပြီး ငိုနေရတယ်၊ နင်ဟာလေ ဘာလေးဖြစ်ဖြစ်မျက်ရည်က အရင်ကျပြီ၊ ငါကြည့်မရတာ အဲဒါပဲ"

ဆီးထုပ်စားမလားမေးရင်း မျက်ရည်ကျနေတာမြင်တော့ နှင်းမကိုဋ္ဌေ ဒေါသထွက်သွားသည် ။ ပန်းမကိုဋ္ဌေက မျက်ရည်လေး ကပျာကယာသုတ်ပစ်၍ . . .

"လကုန်ရင် စေ့စပ်မယ်တဲ့ လေ၊ အဲဒါ ငါက မငိုရဘူးလား၊ ကျောင်းကလည်း ပြီးနေပြီ၊ စိုးကလည်း ခိုးရာလိုက်ခဲ့ဖို့ပဲ ပြောနေတာ"

"အဲဒါ လိုက်သွားလိုက်ပါလား"

"မလိုက်ရဲလို့ ပေါ့၊ စိုးနဲ့ ကြိုက်နေမှန်းသိလို့ မာမီကယောက်ျားပေးစားမယ် လုပ်တာ၊ ငါသာ ခိုးရာလိုက်ပြေးရင် အမွေဖြတ်မှာ ကျိန်းသေတယ်”

ငိုသံပါကလေးနဲ့ ပြောတော့ နှင်းမကိုဋ္ဌေက ခိုးခိုးခစ်ခစ် ရယ်လျက် ပါးစပ်ထဲက ဆီးစေ့ကို ဗိုးခနဲ ထွေးထုတ်ပစ်လိုက်၏။

"အောင်မယ်လေး ပန်းရယ်၊ ကိုယ်ချစ်တဲ့ သူကိုလည်း လိုချင်သေးတယ်၊ ဆင်းရဲမှာ လည်း ကြောက်သေးတယ်၊ တူနှစ်ကိုယ် တဲအိုပျက်မှာနေ ထမင်းရည်တူတူလျက်၊ အဲ သောက်ရစေတော့ဆို"

"ဟော့အေး ငါကတော့ မသောက်နိုင်ပါဘူး၊ ထမင်းစားရင်တောင် ခုချိန်ထိ မာမီချက်ပြုတ် ကျွေးတာကလွဲပြီး ဘယ်သူချက်တာမှ စားမရတဲ့ဟာ"

"တော်စမ်းပါဟယ်၊ နာမည်ကြားရုံနဲ့ တောင် ကြောက်တယ်၊ လူပါးဝ, အနိုင်ကျင့်မယ့်ပုံကြီး၊ ငါ စိုးကလွဲပြီး ဘယ်ယောက်ျားကိုမှ မယူနိုင်ဘူး၊ ပြီးတော့ စိုးက ဆင်းရဲတယ်၊ နွေကွန်ချာက တကယ့်သူဌေး၊ စိုးကိုငါပစ်လိုက်ရင် သူ့အပေါင်းအသင်း ငါ့သူငယ်ချင်းတွေ အားလုံးက ဘယ်လိုပြောကြမလဲ"

"ပြောကြမှာ က ခဏလေး၊ နင်ဆင်းရဲရမှာ က တစ်ဘဝလုံး တွေဝေမနေစမ်းပါနဲ့ ပန်းရယ်၊ ဟိုဘက်မဟုတ်ရင် ဒီဘက် တစ်ခုကိုပဲ ရွေးရမယ်ဆိုရင် အတော်ဆုံးကို ပြတ်ပြတ်သားသား ရွေးချယ်ဖို့ နင်ပျော့ညံ့လို့မဖြစ်ဘူး"

"အကောင်းဆုံးဆိုတာ နင်က ဘာကိုပြောတာလဲ"

နှင်းက ဆီးထုပ်ကို ကုန်အောင်စားပြီးတာတောင် လွှင့်မပစ်သေးဘဲ ထိုမှ ပါသည့် ရုပ်ပုံလေး ကိုစိတ်မဝင်စားသော်လည်း သေချာအောင် ကြည့်နေပြီး . . .

"အကောင်းဆုံးဆိုတာ ကိုယ့်ဆန္ဒအရှိဆုံးဟာ အကောင်းဆုံးပေါ့၊ နင် ဘာဖြစ်ချင်လဲ"

"စိုးကိုချစ်တယ်"

နှင်းမျက်နှာ ရှုံ့မဲ့သွားသည် ။

"နင့်ကို ဘယ်သူ့ကိုချစ်သလဲလို့ မေးနေတာမှ မဟုတ်တာ"

"စိုးကိုပဲ လိုချင်တာပေါ့"

"အေး ဒါဆို ယူ လိုက်လေ"

"ငါမာမီကိုကြောက်တယ်"

နှင်းက ရင်ခွင်ထဲမှာ ပိုက်ထားသည့် ခေါင်းအုံးကို အိပ်ရာထက်သို့ ဆောင့်ချလိုက်ပြီး . . .

"တော်ပြီ၊ ကြိုက်သလိုသာ ဆုံးဖြတ်တော့၊ အဆုံးအစမရှိတဲ့ နင့်တွေဝေမှုတွေကို ငါစိတ်မဝင်စားတော့ဘူး"

"ဟာ နှင်းကလည်း အပြင်သွားတော့မလို့ လား၊ တိုင်ပင်စရာ ဒီညီအစ်မလေး နှစ်ယောက်ပဲ ရှိတာကို"

"မတိုင်ပင်နဲ့ ၊ နင်က ငါမဟုတ်သလို ငါကလည်း နင် မဟုတ်ဘူး ၊ နင်နဲ့ ငါ ဘာဖြစ်လို့ များ ညီအစ်မ လာတော်နေတယ်မသိဘူး၊ တကယ်ပါအံ့ရော"

ဆီးထုပ်အိတ်ခွံကို အမှိုက်ခြင်းထဲ ပစ်ထည့်၍ နှင်းက တကယ်ထွက်သွားသည် ။

ပန်းမျက်ရည်လေးဝေ့လျက် ပွစိပွစိပြောရင်း ကျန်ခဲ့လေသည် ။

မကြာလိုက်မီမှာ ပင် မာမီဝင်လာ၏။

"ဘယ်နှယ့် မျက်နှာပြောင်နဲ့ အထူးအဆန်းပါလား၊ ဧကန္တငိုထားတယ် ထင်တယ်"

"မာမီ ဟိုမ မငိုပါဘူး၊ နှင်းစသွားလို့ "

မာမီ့ကိုမြင်တော့လည်း ကြောက်လိုက်သည် မှာ နေစရာပင်မရှိ။

"ဒေါ်ပန်းနှင်းဝေက ပန်းမျက်နှာကို အေးစက်စက်စိုက်ကြည့်၍ မှန်တင်ခုံရှေ့မှာ ဝင်ထိုင် လိုက်သည် ။

"သမီးကို မာမီက ရွေးချယ်ခွင့်ပေးထားတာ မဟုတ်ဘူး နော်၊ ဘာလုပ်ရမယ်ဆိုတာကို တစ်ခါတည်း ပြောပြထားတာ၊ နွေကွန်ချာ မြန်မာပြည်ပြန်ရောက်လာရင် စေ့စပ်ရမယ်"

"မာမီ"

"ထပ်မပြောနဲ့ ပန်း၊ သမီးပုံစံကို မာမီ အကဲခတ်နေတာနော်၊ ဒီထက်ပုံစံပျက်လာရင် ထက်မြက်စိုးဆိုတဲ့ ကောင်ကို မာမီသွားပြောမှာ ၊ ပန်းကုံးစွပ်သလို ပြုံးပြမှာ မဟုတ်တာတော့ သေချာတယ်"

ပန်းမျက်နှာလေး ငယ်ကျသွားသည် ။ မျက်ရည်ဝေ့လာပေမယ့် မရမက သိမ်းဆည်းပစ်ရ သည် ။မာမီ့ရှေ့မှာ မျက်ရည်မကျရဲပါ။

သို့သော် ရင်ထဲမှာ မကျေနပ်တာလေးကတော့ ရှိနေသည် ။

မာမီဟာ ဘယ်တော့မဆို ပန်းနဲ့ နှင်း ယှဉ်လာရင် ပန်းကိုပဲ လိုသလိုပုံသွင်းခဲ့သူပါ။ နှင်းကိုကျတော့ တော်ရုံကိစ္စကို ရင်မဆိုင်ဘဲနေသည် ။

ပြောသလိုလည်း မဖြစ်တော့ နှင်းနဲ့ ဆို မာမီ ဒေါသထွက်ရ၊ အော်ရ၊ ဆူရ။

ထို့ကြောင့် 'နှင်းနဲ့ က မဖြစ်ပါဘူး' ဆိုတာနေရာတကာ ဖြစ်လာ၏။

အဲဒီကျတော့လည်း 'ဒီကောင်မလေး၊ လူကြီးသူကြီးကို ခံပြောတာ တစ်ချက်ချက်တော့ ငါရိုက်မိတော့မယ်' ဟု ခဏခဏ ကြိမ်းဝါးတတ်၏ ။

ဤသည် တို့ နှင့်ပတ်သက်၍ ပန်းကိုသာ နေရာတကာ မျက်စိကျစရာ ဖြစ်လာခဲ့သည် ။ ခုကျတော့လည်း ပန်းကအကြီးတဲ့ ။

အကြီးမို့ အရင်အိမ်ထောင်ချပေးကြေးဆို အငယ်ဆုံးကစပြီး ခိုးရာ

လိုက်ပြေး ကြတာတွေကျ တော့ဘာပြောကြလို့ လဲ။

နောက်ပြီး အကြီးနဲ့ အငယ်သာ ပြောကြတာ နှစ်နှစ်ပဲကွာကြတာ မဟုတ်လား။

အရွယ်တွေကလည်း အပြိုင်းအရိုင်း။

တချို့ဆို မသိတဲ့ သူတွေက ဘယ်သူအကြီး၊ ဘယ်သူအငယ်မှန်းပင်မသိ။

တစ်ခုပဲရှိသည် ။ ဆံပင်ကို ငယ်ငယ်ကတည်းက တယုတယ မွေးမြူတတ်ခဲ့သော ပန်းက ယဉ်တော့ အကြီးမှန်းသိသာသည် ဟု တချို့က ပြောကြ၏။

နှင်းက ဆံပင်ပခုံးလောက်ပဲရှိသည် ။ ဒီထက်လည်း ပိုအရှည်မခံ။ ဆံပင်ရှည်ရင် ခေါင်းဖြီးရတာ စိတ်ညစ်လို့ တဲ့ ။

ထို့ပြင် သနပ်ခါး၊ မိတ်ကပ်လည်း ဘာမှ မကြိုက်။

နှင်းဝါသနာပါသည် က မျက်နှာပြောင်ပြောင်နှင့် နှုတ်ခမ်းနီဆိုးခြင်းဖြစ်၏။

"နှင်းရယ် မိတ်ကပ်မပါ ပေါင်းဒါမပါနဲ့ နှုတ်ခမ်းနီဆိုးရတယ်လို့ "

တစ်ခါတလေ မျက်နှာက အဆီပြန်ချင်သလို ဖြစ်နေတာမြင်တော့ ပန်းက ဆရာဝင်လုပ်မိ သည် ။

"ကိုယ့်ဟာကိုယ် မကြိုက်လို့ မလိမ်းတာ ဘာဖြစ်လဲ၊ မဝေဖန်နဲ့ "

ဟု ပက်ခနဲ ပြန်ပြော၏။

"သနပ်ခါးကျတော့ သွေးရမှာ ပျင်းလို့ ၊ အင်္ကျီဝတ်ရခက်လို့ မိတ်ကပ်ကိုတော့ လှအောင်မှ မလိမ်းတတ်တာ"ဟု ပြောသေးသည် ။

မလိမ်းတတ်ဆို ဘယ်မိတ်ကပ်က ဘယ်လိုလှသလဲ တစ်စက်က လေးမှ မေးမြန်းစပ်စုတာမှ မရှိဘဲ။

နှင်းနဲ့ ပန်းဆို ပန်းက ကိုယ့်ကိုယ်ကိုယ် ကြွကြွရွရွလေး နေသည် ၊ လှအောင်ပြင်သည် ။ သွားလေရာမှာ မိတ်ကပ်ဘူးတစ်ဘူး၊ နှုတ်ခမ်းနီ၊ ဘီး၊ အမြဲပါသည် ။ ဆံပင်ကို ပုံသွင်းပြီးပြီဆို လေတိုက်လျှင် အလှပျက်မှာ စိုး၍ ဘယ်သွားသွား ကားကို မှန်လုံတင်ပြီးမှ သွား၏။

ကိုယ်ဟန်ပျက်သွားဖို့ ဆို ထိုင်ရာကတောင် ဖျတ်ခနဲ မထတတ်ဘူး။

စက်ဘီးစီးထွက်ဖြစ်လျှင်လည်း ပန်းက ဘယ်တော့မှ မနင်းပါ။

နောက်ကနေ လှလှရွရွလေး ထိုင်လိုက်သည် ။

"မနင်းချင်ပါဘူး၊ ချွေးကထွက် ပုံကပျက်နဲ့ ဘယ်လိုလုပ်လှတော့မှာ လဲ"

ဟု အငယ်ဖြစ်သည့် နှင်းကို အနိုင်ယူ ဆိုးနွဲ့လိုသည့်ဟန်နှင့် သူအမြဲပြော၏။ ထိုအဖြစ်များ ကြောင့်လည်း ပန်းကို ယောကျ်ားပေးစား ဖို့ ဖြစ်လာတာ ထင်သည် ။

"နှင်းနဲ့ စေ့စပ်ပေးလိုက်ပါလား မာမီ" လို့ ပြောတော့ . . .

"အို၊ ဘယ်ဖြစ်မလဲ၊ နှင်းက နေတာထိုင်တာ အချိုးပြေတာ မဟုတ် ဘူး ၊ ဟိုက လူကြီးတွေကို နှယ်နှယ်ရရမှတ်လို့ လားဟင်၊ ပြီးတော့ နွေ ကွန်ချာဆိုတာ နိုင်ငံတကာ လှည့်နေတဲ့ စီးပွားရေးသမား ဒီလိုလူမျိုးကို ဆွဲဆောင်နိုင်ဖို့ နှင်းနဲ့ ဘယ်လိုလုပ်ဖြစ်မှာ လဲ"

ဒါဆို ပန်းက ပိုလှလို့ ပေါ့"

လှချင်၍ အပန်းတကြီး ပြင်ဆင်ချယ်သနေတတ်သည့် ပန်းက ဒါကို

တော့ ကျေနပ်မိသည် ။ ဒါပေမဲ့ ဦးနွေကွန်ချာလို့ တောင် ခေါ်နေကြသည့် လူကြီးကိုတော့ မလိုချင်ပေ။

နှင်းထက်လှတာ ဒီနေရာမှာ တော့မကောင်းပါလားဟု တွေးလိုက်မိ၏။

"မာမီပြောနေတာ ကြားလား သမီး"

"ရှင်"

အတွေးလွန်နေတော့ ပန်းလန့်သွားမိသည် ။

"ထက်မြက်စိုးကို သမီးအဆက်ဖြတ်မလား၊ မာမီဖြတ်ပေးရမလား"

"သမီး"

"ဖြတ်ပစ်ပါ့မယ်လို့ ပဲ သမီးပြောရမှာ ၊ မာမီတို့ အနေနဲ့ နွေကွန်ချာလိုလူမျိုးကို ဘယ်နည်းနဲ့ မှ လက်လွှတ်ခံလို့ မဖြစ်ဘူး၊ မာမီ့ သမက်ဟာလည်း ဒီလိုလူမျိုးပဲ ဖြစ်ရမယ်"

မာမီ့မျက်နှာက ကိုယ်မှာ ဆင်ထားသည့် စိန်ရောင်တွေ အတိုင်း ဝင်းလက်အေးခဲနေသည် ။ ကိုယ်လည်း ချမ်းချမ်းသာသာ ရှိပါလျက် အဘယ့်ကြောင့် လောဘတွေ ဒီလောက်ဖြစ်နေရတာလဲ။

ပြီးတော့ နိုင်ငံတကာလှည့်နေတဲ့ ယောက်ျား။

"ဒီလိုယောက်ျား ဘယ်လိုကောင်းဆိုတာ မာမီသိတယ်၊ သူ့မိဘနှစ်ပါးရဲ့ အရည်အချင်းကို ယုံကြည်လို့ သူ့ကိုယုံတယ်"

"မြတ်စွာဘုရား မာမီက ပန်းတွေးနေတာကို ကြိုသိနေလို့ လား"

ပန်းမလုံမလဲ မျက်လွှာလေးချလိုက်မိ၏။

"ကိုဘုန်းနွေက သိပ်ကိုရိုးသားပြီး၊ မာနကြီးတဲ့ လူ၊ သဇင်ငုံက ချမ်း

သာတယ်"

ပညာတတ် အသိုင်းအဝိုင်းနဲ့ ချမ်းသာသော ကုန်သည် ကြီး သမီးတို့ ချစ်ကြိုးသွယ်ကြတော့ ချမ်းသာသူတို့ က သူတို့ သမီးနဲ့ ကိုဘုန်းနွေနဲ့ ကို သဘောမတူကြဘဲ အမျိုးမျိုး ခွဲကြသည် ။ ခိုးရာလိုက် ပြေးကြတော့ သ မီးကို အမွေဖြတ်၍ မတော်ချင်သည့် သမက်ကို အမျိုးမျိုးနှိမ့်ချကဲ့ရဲ့ ကြ ၏။

ပညာနဲ့ ဥစ္စာကို ချိန်စက်၍ အထင်သေး အမြင်သေး ချိုးနှိမ်ကြ၏။

ကိုဘုန်းနွေက ရိုးသားသည့် အဆောင်အယောင်လေးနှင့်ပဲ မိန်းမကို ပြည့်စုံစေအောင်ထား ကာပညာကို ကြိုးစားသည် ။

မခံချင်စိတ်နှင့် ပညာကိုပဲ ဖိကြိုးစားပြီး ဘွဲ့တွေ တစ်ခုပြီးတစ်ခု ထ ပ်ယူ၏။ နိုင်ငံခြားမှာ ပညာတော်သင်သွားရင်း စီးပွားရေးခွင်ကို လေ့ လာသည် ။

ဘုန်းနွေ ဘယ်လိုလူလဲဆိုတာ သိသွားအောင် ကြိုးစားပြဖို့ ဆုံးဖြတ် ထား၏။

အထူးသဖြင့် သူ့ကို ယုံကြည်အားကိုးစွာ ပုံအပ်ခဲ့၍ ခုချိန်ထိ ထားသ လို ပြောသမျှ ခေါင်းညိတ်ခဲ့သော ဇနီးအလိမ္မာလေးအတွက် မိဘမွေးချ င်းတို့ အလယ်မှာ သူ့ကြောင့် ဂုဏ်တက်ရအောင် ကြိုးစားဖို့ ရည်ရွယ်၏။

သူတကယ်ဖြစ်အောင် လုပ်ခဲ့တော့ အားလုံးပဲ လက်ဖျားခါခဲ့ရသည် ။

သဇင်ငုံကလည်း ကလေးယူတာတောင် ယောကျ်ားက ယူပါတော့ဆို မှ ယူသည် ။ သားလေးတစ်ယောက်တည်းနှင့်ကျေနပ်ခဲ့ကြ၏။

ကိုဘုန်းနွေသည် ဇနီးသည် အပေါ် အစစအရာရာ အလိုလိုက် အကြို

က်ဆောင်ကာ တယုတယ ရှိခဲ့သလောက် သူ့အတ္တကြီးတာ တစ်ခုရှိခဲ့သည် ။

ဒါက သဇင်ငုံကို မိဘများ နှင့် လုံးဝ မဆက်သွယ်စေခဲ့ခြင်း ဖြစ်၏။

"မောင့်ကိုချစ်ရင် ဒီတစ်ခုကိုတော့ အတ္တကြီးခွင့်ပေးပါ သဇင်ရယ်၊ မောင်က မောင့်ပညာ မောင့်ဘဝကို လုံးဝထိပါးမခံနိုင်တဲ့ ကောင်၊ သဇင့်မိဘတွေ ဘယ်လောက်ထိ မောင့်ကိုရော မောင့်မိဘ အသိုင်းအဝိုင်း ပညာကိုပါ ပုတ်ခတ်ခဲ့တယ်ဆိုတာ သဇင်အသိပဲ"

"ဟုတ်ပါတယ် မောင်၊ မာမီတို့ ဘက်က ရိုင်းခဲ့တာတွေ ရှိပါတယ်၊ ဒါကြောင့် သဇင် မောင့်အနားမှာ နေပေမဲ့ မောင့်ကို ဘာအပြစ်မှ မပြောခဲ့တာပါ၊ မောင့်ကို မေတ္တာမပျက်ဘဲ မောင်စိတ်ချမ်းသာဖို့ ကိုပဲ ဦးစားပေးခဲ့တာပါ"

သဇင်ကလည်း ဤကဲ့သို့ မိန်းမမျိုး။

"နောက်ပိုင်း သူ့မိဘတွေ သမီးဖြစ်သူက ဆက်သွယ်လာမလားလို့ မျှော်လင့်ကြတယ်၊ သူတို့ ဘက်က တစ်ဦးတည်းသောသမီး သဇင်ကလည်း ယောကျ်ားနားက တစ်ဖဝါးမခွာဘဲ သေတဲ့ အထိ မိဘဆီ မပြန်ခဲ့ဘူးလေ"

ဒေါ်ပန်းနှင်းဝေက ရှေးဟောင်းနှောင်းဖြစ်တို့ ကို စိတ်ရှည်လက်ရှည် ပြောပြနေ၏။

"ကိုဘုန်းနွေ နိုင်ငံခြားမသွားခင်အထိ မာမီတို့ အဆက်အသွယ် မပြတ်ခဲ့ဘူး၊ မာမီနဲ့ သဇင်က တက္ကသိုလ်မှာ ကတည်းက အတွဲဆုံး အခင်ဆုံးဆိုတော့ မာမီ သူတို့ ဆီ ရောက်သွားတိုင်း မုန့်လုပ်စားကြ၊ စကားပြောကြနဲ့ အားလုံးနဲ့ ရင်းနှီးနေတာပေါ့။ အဲဒီမှာ စနောက်ကြရင်း

'ကိုယ့်ဗိုက်ထဲက မိန်းကလေးဆိုရင် မင့်သားနဲ့ ပေးစားမှာ နော်' လို့ မာမီပဲ စပြောခဲ့တာ"

"မာမီကလည်း "

"ဟုတ်တယ်၊ အဲဒီအချိန်မှာ နွေကွန်ချာလေးက ခြောက်နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမယ်၊ ကျောင်းတက်နေပြီလေ၊ သမီးက မာမီ့ဗိုက်ထဲမှာ သုံးလ"

"ဟင်၊ ဒါဆို သူက ပန်းထက်ခြောက်နှစ်, ခုနစ်နှစ်လောက်ပဲ ကြီးတာပေါ့"

ဦးနွေကွန်ချာဆိုလို့ ပန်းက အသက်လေးဆယ်လောက် မှန်းထားခဲ့တာ "

"သဇင်ဆုံးသွားတော့ ကိုဘုန်းနွေက သားကို လက်ဆွဲပြီး နိုင်ငံခြားထွက်သွားခဲ့တယ်၊ ဒီကောင်လေးက နိုင်ငံခြားမှာ ပဲ ဘွဲ့ရခဲ့တာပေါ့၊ ဖအေလိုပဲ ဘွဲ့ထပ်ယူမယ်၊ စီးပွားရေးသိတယ်၊ စိတ်ဓာတ်က ဖအေနဲ့ တူတယ်၊ အလုပ်လုပ်တဲ့ နေရာမှာ သူက ပိုတိကျတယ်၊ နွေကွန်ချာဆိုတာ ကိုဘုန်းနွေရဲ့ သားမှန်း မသိခင်ကတည်းက မာမီတို့ သူ့သတင်းကို ကြားဖူးနေတာ၊ မြန်မာနိုင်ငံက လုပ်ငန်းရှင်တော်တော် များများက သူ့ကို ပတ်သက်ဖို့ ကြိုးစားကြတယ်၊ သမီး ဒယ်ဒီရောပေါ့"

"နွေကွန်ချာဆိုတာတောင် မာမီက မသိဘူးလား"

"ဘယ်သိမလဲ၊ နွေကွန်ချာက ဟိုရောက်မှ ဖြစ်သွားတဲ့ နာမည်၊ ဒီမှာတုန်းက ဘုန်းထက်နွေတဲ့ "

"အဲဒီနာမည်က ကောင်းသေးတယ်"

ပန်း မျက်နှာလေး မဲ့ရွဲ့ပြောတော့ မာမီက ဖျတ်ခနဲ လှည့်ကြည့်၍ -

"ဘာဖြစ်လို့ လဲသမီး"

"နွေကွန်ချာဆိုတာကြီးက စီးစီးပိုးပိုးကြီး"

မာမီက မျက်နှာပြန်လှည့်သွားပြီးမှ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ တကယ့်ကွန်ချာပဲ၊ သူက ဘယ်သူ့ကိုမှ လက်တွဲခေါ်ချင်တဲ့ သူ မဟုတ်ဘူး ၊ သူ့စည်းဝိုင်းနဲ့ သူ နေချင်တာ၊ မာနကြီးတာက သေချာတယ်"

"မာမီရယ်"

"ဒါကို သမီးသည်းခံရမှာ ပဲ၊ ဒီယောကျ်ားမျိုးက စိတ်ဓာတ်ခိုင်မာတယ်၊ ဖောက်လွဲဖောက်ပြန် မရှိတတ်ဘူး၊ သမီးရှင်တိုင်း မျက်စိကျနေကြတဲ့ သူဟာ သူ့ကိုယ်သူလည်း တန်ဖိုးထားမှာ ပဲ"

'သမီးတို့ ကရော သူ့လိုသူကို မရရင် ဘာဖြစ်သွားမှာ လဲ မာမီရယ်၊ သမီးကို တစ်သက်လုံး နိုင်စားသွားမှာ "

ပန်းက ရသည့်အခွင့်အရေးလေးကို ယူ၍ တိုက်ဖျက်ဖို့ ကြိုးစားသည် ။

ဒေါ်ပန်းနှင်းဝေက ဘာပဲပြောပြော ခေါင်းခါပြီးသား။

"မာမီက သူ့မိဘရဲ့ မိတ်ဆွေ၊ ဒို့ပြင် သမီးရှင်တွေလို မဆီမဆိုင် ကမ်းလှမ်းလိုက်တာမှ မဟုတ်ဘဲ၊ ဟိုတုန်းကတည်းက ရင်းနှီးပွင့်လင်းခဲ့ကြတဲ့ ကျောင်းတုန်းက သူငယ်ချင်းတွေ၊ ဒါကို သူတို့ သားအဖ နားလည်ပါတယ်၊ ဒီမှာ သမီး၊ ဘယ်အိမ်ထောင်ရေးမဆို ညားသွားခါစမှာ အဆင်မပြေတာလေးတွေ ရှိတတ်ကြတာပဲ၊ သမီးယုံကြည်လိုက်၊ သမီးကို သူမြတ်နိုးသွားမှာ ပါ"

ပန်း စိုးမျက်နှာကို မြင်ယောင်ကာ ရင့်နင့်နေမိသည် ။

ဒီပုံဆို နွေကွန်ချာကိုပဲ သူမ မဖြစ်မနေ လက်ထပ်ရတော့မည်သာ။

ဒေါ်ပန်းနှင်းဝေက ဆက်၍ -

"သမီးက ကျက်သရေရှိတယ်၊ လှတယ်၊ ပြီးတော့ နူးညံ့အေးဆေးတယ်၊ သူနဲ့ ပဋိပက္ခဖြစ်ဖို့ ဘာမှ မရှိဘူး"

"သမီး နူးညံ့အေးဆေးတာကိုပဲ တစ်သက်လုံး အနိုင်ကျင့်ဗိုလ်ကျသွားမှာ တော့ မာမီ မစိုးရိမ်ဘူးလား"

ဒီလောက် ဂုဏ်ရှိန်ထည်ဝါနေသည့်လူကို ပန်းမလိုချင်ပါ။

တစ်သက်လုံး ကိုယ်က အောက်စည်းကနေ ပြားဝပ်ရိုးကျိုး သွားရတော့မည်။ သူ့အတွက်ချည်းပဲ ပေးဆပ်နေရတော့မည်။

ပန်းလိုချင်တာက ကိုယ်မြတ်နိုးသော နူးညံ့နွေးထွေးသည့် ရင်ခွင်ရိပ်တစ်ခု။

*

# အခန်း (၂)

"အား"

နှင်း ခလုတ်တိုက်၍ ဟပ်ထိုးလဲမလိုဖြစ်သွားတော့ ဘေးကနေ ဇာခြ ည်က ဆွဲဖက်ထား လိုက်ပြီး -

"ဟယ် ဖိနပ် ပြတ်သွားပြီ"

အဖြူနဲ့ အနက်စင်းကျားလေးမို့ နှင်းဖိနပ်ပြတ်သွားတာက ထင်းထင်းကြီး။

ထို့ပြင် အဖြူအနက်စောင်းစင်းတွေပါသည့် ကိုယ်ကျပ်လေးကို ဝတ် ထားသဖြင့် သီတင်းကျွတ်ညရဲ့ အလှလေးတွေထဲမှာ နှင်းက ပေါ်လွင် နေသည် ။

ဇာခြည်ပြောလိုက်တော့ အနီးအနားမှ မျက်လုံးတွေ သူမခြေထော က်ဆီသို့ စုပြုံရောက် လာကြသည် ။

ရှက်စိတ်ကြောင့် နှင်းမျက်နှာလေး ပါးနီမဆိုးရပါဘဲ ရဲတွက်သွား လေသည် ။

"တောက်"

နောက်က တက်နင်းလိုက်သူကို ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ မ စိမ်းသောမျက်နှာ။

"မိုးရိပ်"

"ဟာ၊ ဆောရီး၊ တကယ် မတော်တဆပါ နှင်းရယ်"

"ဟုတ်ပါတယ်ဟာ၊ တကယ် မတော်တဆ ဖြစ်သွားတာပါ၊ နောက်ကတိုးတာနဲ့ "

ဘေးက သူငယ်ချင်းဖြစ်သူကိုပါ နှင်းက ဘုကြည့်ကြည့်၍ ခါးတစ်ဖက်ထောက်ကာ -

" ဘာမတော်တဆလဲ၊ နင်တို့ အုပ်စု ကျောင်းမှာ ဗရုတ်ကျလို့ အားမရသေးဘူးပေါ့၊ ငါ့ကို သက်သက်လိုက်ပြီး အရှက်ခွဲကြတာ"

"မဟုတ်ပါဘူး နှင်းရယ်၊ တို့ ဘယ်လိုတောင်းပန်ရမလဲ"

"ဘယ်လိုမှ မတောင်းပန်နဲ့ ၊ မယုံဘူး၊ လမ်းပေါ်မှာ လူလည်း ဒီလောက်ရှိတာ မဟုတ်ဘူး "

"ဒါပေမဲ့ တကယ်အမှတ်တမဲ့ပါ"

"တော်တော့"

"လာပါနှင်းရယ်၊ လူတွေကြည့်ကုန်ကြပြီ"

ဇာခြည်က နှင်းကို အတင်းဆွဲခေါ်သွားသည် ။

သူတို့ အုပ်စု တကယ်လိုလို ဗရုတ်ကျတာလိုလိုနှင့် ခပ်ကြောင်ကြောင် ရပ်ကျန်ခဲ့ကြ၏။

"တကယ်ပါပဲဟယ်၊ အဲဒီတစ်ယောက်ကလည်း ဇွဲကောင်းလိုက်တာ၊ ကျောင်းပြီးသွားတာ တောင် အရိပ်လိုပဲ"

"သေလိုက်ပေါ့၊ သူ့လို မြေလျှောက်ကိုယ်တော် ခပ်တုံးတုံးပုံကိုများ ဘယ်တော့မှ မစဉ်းစား ဘူး"

"ဒါဆိုလည်း သူရှက်သွားအောင်ပြောလိုက်ဟာ၊ ယောကျ်ားလေးတွေက မိန်းမတစ်ယောက်ရဲ့ စော်ကားမော်ကား ပြောတာ ခံရရင် မခံနိုင်ဘူးတဲ့ ၊ ပြောသာပြောချလိုက်"

"ပြောမှာ ၊ ပြောကိုပြောဦးမှာ "

အားရပါးရ ပြောပြီး မျက်စောင်းထိုးဖို့ နောက်ကို လှည့်ကြည့်လိုက်လျှင် နောက်မှာ ကပ်ကပ်ကြီး ပါလာသည့် မိုးရိပ်နှင့် ဆုံမိကာ နှင်း ဟယ်ခနဲ ဖြစ်သွားသည် ။

"ရှင်"

မိုးရိပ်မျက်နှာက အယူခံဝင်နေသလို အညိုးငယ်ဆုံး သရုပ်ဆောင်ထားလျက် -

"နှင်းဖိနပ်ပြုတ်သွားတာ တို့ တောင်းပန်ပါတယ်"

"လာလုပ်မနေနဲ့ ၊ ဒါမျိုးတွေ အထင်မကြီးဘူး၊ ဒီမှာ မိုးရိပ်၊ နင် ငါ့ကို မှန်းတယ်ဆိုရင် ငါ့မိဘ ဘာလဲ, ငါဘယ်အခြေအနေလဲဆိုတာ နည်းနည်းစုံစမ်းကြည့်လိုက်ဦး၊ တန်ရာတန်ရာကို မှန်းပေါ့"

"ဟင်"

မိုးရိပ်မျက်နှာ ပျက်သွားလိုက်တာ လမ်းဘေးအိမ်များမှာ ထွန်းလင်းထားကြသည့် ရောင်စုံမီး ပွင့်တို့ ၏ အရောင်တွေဟပ်ကာ သနားစဖွယ်လေး ဖြစ်နေသည် ။

သူတို့ အုပ်စုလေးကို ရှောင်ကွင်းသွားကြရင်း လူတွေက စောင်းငဲ့ကြည့်သွားကြ၏။

သူမ၏ ထိုးနှက်ချက် အောင်မြင်သွားသည် မို့ နှင်းကတော့ နှုတ်ခမ်း

လေး စေ့၍ ပြုံးလျက် -

"ထပ်မှတ်ထားဦး၊ နှင်းမကိုင်္ဃက ကိုယ့်ထက်နိမ့်တဲ့ ယောက်ျားကိုဆို လုံးဝဆောရီးပဲ"

"ဒါဆို သူ့ထက်သာရင် လက်ခံမှာ လားလို့ ပြန်မေးလိုက်ဟေ့ကောင် "

သူ့သူငယ်ချင်းတစ်ယောက်က ခံပြင်းသံနှင့် ဝင်ပြောလာ၏။

ထိုအခါ ဇာခြည်ကလည်း နှင်းဘက်ကလူ။

"သာအောင်ကြိုးစားလေ၊ သူငယ်ချင်းကားကို တက်စီးပြီး အကူအညီနဲ့ သူဌေးလုပ်လာလို့ တော့မရဘူး"

ဘာစမှန်းမသိသော ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် ချည်ချောပုဆိုးကွပ်စိပ်လေးသာ ဝတ်ထား သည့် မိုးရိပ်ပုံစံက ဘေးက သူငယ်ချင်း နှစ်ယောက်ထက်စာလျှင်တောင် ခပ်နွမ်းနွမ်း အဆင်အပြင်မို့ ဇာခြည်က မဲ့ရွဲ့ပြောပစ်လိုက်သည် ။

မိုးရိပ်က မျက်နှာပျက် ဆွံ့အသွားသော်လည်း သူငယ်ချင်း ဆိုတဲ့ ကောင်တွေက နှင်းနဲ့ ဇာခြည် ပြောသမျှကို ရှူးရှူးရှားရှား ဖြစ်ကုန်ကြ၏။

"ဟေ့ကောင်၊ မေး လိုက်လေကွာ၊ ဒါလည်း ကတိပဲ၊ မင်းကိုယ်တိုင် နှင်းကိုမေးစမ်း"

မိုးရိပ်က နှင်းကိုလှမ်းကြည့်၏။ နှင်းက မိုးရိပ်ကို အထင်မြင်သေးစွာ ကြည့်၍ -

"နင် ကြိုးစားမယ့်အချိန်ကို ကျောက်ပျဉ်ရွက် စောင့်နေလိမ့်မယ်လို့

တော့ မထင်နဲ့ နော်"

"တစ်ခါတည်း နတ်ရေကန်ထဲ ခုန်ဆင်းမှ ဖြစ်မှာ "

"ဆင်းခဲ့မယ်ဆိုရင် တို့ ကို နှင်းတကယ်ပြန်ချစ်မှာ လား"

"တကယ်"

"အိုခေ၊ ဟိတ်ကောင်လာ၊ ခုချက်ချင်း မင်းကို နတ်ရေကန်ထဲ တွန်းချမယ်"

"သွားမယ်နော် နှင်း"

မိုးရိပ်ကို ဆွဲခေါ်သွားကြတော့ နှင်းတို့ က မထိတထိ ပြုံးလျက်ကျန်ခဲ့၏။

"ပြောမယ့်သာပြောရတာ မိုးရိပ်က နှမြောစရာကြီး"

"ဘယ်လိုပြောလိုက်တာလဲ ဇာခြည်"

"ဩော်၊ အဝတ်အစား သိပ်ကောင်းကောင်း မဝတ်နိုင်ပေမယ့် မိုးရိပ်က ချောတယ်လေ"

နှစ်ယောက်သား ပခုံးချင်းယှဉ် လျှောက်လာရင်း နှင်းက လက်ကလေးပိုက်လိုက်ကာ ခြေထောက်က ဖိနပ်ပြုတ်ကို ကန်ထုတ်ပစ်လိုက်သည် ။

"ဟယ်၊ နင်ကလည်း ကြိုးသိုင်းတွေ ရှိနေသေးတဲ့ ဟာ။ အိမ်ပြန်ရောက်အောင် စီးလို့ ရတာပဲ၊ ဖိနပ်မပါဘဲ ဘယ်လိုလုပ်မှာ လဲ"

"ဒီအတိုင်း ပြန်မှာ ပေါ့"

"အို၊ ခြေဖဝါးတွေ နာမှာ ပေါ့"

"ရပါတယ်၊ ပေတစ်ရာပေါ်မှာ သိပ်နာဖို့ မရှိပါဘူး၊ ငယ်ငယ်တုန်းက ဆို နောက်ဖေးမလွယ် ပေါက်ကနေ ထွက်ပြီး ကွင်းထဲက ကျော်ဦးတို့ မိ အိတို့ နေတဲ့ ဆီ သွားခိုးဆော့တာ၊ အဲဒီည သူတို့ ခြံထဲက စိုက်ခင်းကြီး ထဲမှာ လျှောက်ပြေးရတာ အရမ်းပျော်ဖို့ ကောင်းတာ၊ ခြေထောက်တွေ ဆိုတာ မြေခဲတွေ,ဆူးတွေ,ပြောင့်တွေ ဘာစူးသလဲ မမေးနဲ့ ၊ မာမီတို့ မ သိအောင် ပန်းကို ဆူးထွင်ခိုင်း,ဆေးထည့်ခိုင်းရတယ်"

"သြော်၊ တော်တော့်ကိုလိမ္မာတဲ့ သမီးလေးပဲနော်"

"နင့်လိုပဲ ပန်းကလည်း ငါ့ကို စုတ်တသပ်သပ်နဲ့ ၊ သူက သူ့ကိုယ်မှာ ဆူးခြစ်ရာလေး ထင်သွား မှာ တောင် စိုးတာဟ"

"စိုးရမှာ ပေ့ါ၊ နင့်မို့ မကြောက်မရွံ့"

"လူဖြစ်ရတဲ့ ဘဝမှာ ကိုယ်ဖြစ်ချင်တာကို ဖြစ်ခွင့်ရတဲ့ လူ ရှားတယ် ဟ၊ ငါကတော့ ဖြစ်အောင် လုပ်တာပဲ၊ တစ်ခါတလေတော့ စိုးရိမ်တယ်၊ ငါ အဲဒီအခွင့်အရေးတွေ အမြဲရနေပ့ါမလားလို့ "

"ရချင်ရင် ကိုယ့်ကို သေအောင်ကြောက်တဲ့ ယောကျ်ားကို ယူပေ့ါ"

"ချစ်တာပြောပါဟာ၊ ဒီလိုကြောက်နေတာကြီးကို ငါကဘာလုပ်ရမှာ လဲ"

"ကိုယ်ကနိုင်မှ ကိုယ်လုပ်ချင်တာ လုပ်လို့ ရမှာ ပေ့ါ"

"နင်က မိုးရိပ်ကို မှန်းပြောနေတာလား"

"မဟုတ်ပါဘူး၊ နင့်ကိုကြိုက်နေတာ မိုးရိပ်တစ်ယောက်တည်းမှ မ ဟုတ်တာ၊ နင်တို့ ညီအစ်မ ကိုဆို ယောကျ်ားလေးတွေက လည်တဆန့် ဆန့်နဲ့ ပါ"

"ငါကတော့ အဲဒီယောက်ျားလေးတွေထဲမှာ မိုးရိပ်တစ်ယောက်ကို သနားသလိုလို တစ်ခါတစ်ခါ တွေးဖြစ်တယ်။ ဒါပေမဲ့ ငါမှ ရည်းစားမထားချင်တာ"

ဇာခြည်က ဘောင်းဘီရှည်ပွပွလေး ဝတ်ထားလျက် ခြေဖဝါးလေးနဲ့ ချည်း လျှောက်နေသည့် နှင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး -

"နှင် မိုးရိပ်ကို သံယောဇဉ် ဖြစ်နေပြီလား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ကိုပြောချင်ရာပြောပြီးတိုင်း သူ့မျက်နှာကို ပြန်ပြန်မြင်ယောင် မိနေတယ်၊ အင်း သနားတာထင်တယ်"

နှစ်ယောက်မတိုင်ပင်ရဘဲနှင့် ခြေလှမ်းများကို ရပ်ကာ လာလမ်းအတိုင်း နောက်ပြန်လှည့် ခဲ့ကြသည် ။

သီတင်းကျွတ်မီးထွန်းပွဲတော်က သိပ်မစည်ကားလှပေမယ့် လမ်းမပေါ်မှာ တော့ လူတွေ၊ စည်ကားနေသည် သာ။

"မြို့ထဲမှာ ဆို စည်မှာ နော်'

"အင်း"

"ဟိုကောင်တွေ မြို့ထဲမှာ လျှောက်မလည်ဘဲ တို့ ဘက်ကို လာကြလာဖြစ်မယ်၊ တကယ်လို့ များ မိုးရိပ်က သူဌေးသားဖြစ်နေရင် နှင်ဘယ်လိုလုပ်မလဲ"

"တော်ပါဟာ၊ ငါက သူဌေးသားလိုချင်လို့ ပြောတာမှ မဟုတ်ဘဲ၊ ယောက်ျားဆိုကတည်းက အထင်ကြီးအားကိုးချင်စဖွယ် ရှိဖို့ မလိုဘူးလား၊ ငါဆိုလိုတာက အဲဒါပဲ၊ သူ့ဟာသူ ဘာဖြစ်ဖြစ် ငါစိတ်မဝင်စားဘူး၊ သူ့လိုပုံစံလား သူဌေးသားဖြစ်မှာ ၊ တက္ကသိုလ် ဒုတိယနှစ်ကတည်းက မြင်တွေ့နေရတာ ဒီပုံစံပဲ"

"မဟုတ်ပါဘူး၊ ငါက တကယ်ဖြစ်ခဲ့ရင်ပြောတာ"

"ဖြစ်ဖြစ် မဖြစ်ဖြစ် ဆေားရီးပဲ"

ဇာခြည်က ပြူးပြူးပျာပျာလေး ရှေ့တက်လာကာ -

"နင်၊ လွယ်လွယ်လေး မပြောနဲ့ နော်၊ မိုးရိပ်က သည်းခံပေမယ့် ဟိုကောင်တွေက လွယ်မှာ မဟုတ်ဘူး ၊ ပြောသွားကြတာကြည့်၊ တကယ့်အပိုင်"

"သူတို့ မခံချင်လို့ သူတို့ သူငယ်ချင်းကို အမွှေတွေ ဝိုင်းပေးလိုက်ကြရင်လည်း ပေးကြပေါ့၊ တို့ ကတော့"

"အင်း၊ ငါဖြင့် ရင်လေးသေးတယ်"

နှင်းက ခစ်ခနဲ ရယ်သည် ။ အပေါ်ကကိုယ်ကျပ်၊ ဘောင်းဘီ ပွပွလေးနှင့် ဆံပင်ပခုံးလောက် လေးကို ပြန်ချထားသော ထော်လော်ကန့်လန့်ပုံစံလေးနှင့် နှင်းကို စိတ်ပျက်သလို ကြည့်၍ ဇာခြည်က ခေါင်းခါနေသည် ။

မြင်ယောင်ပါသေးရဲ့ နှင်းရယ်။

*

## အခန်း (၃)

"စိတ်နာတာတွေ ချစ်တာတွေ အသာထား၊ မုန်းတာကို ဘေးဖယ်၊ လောလောဆယ် မင်းအခု သူဌေးသားဖြစ်မှ နှင်းကိုရမှာ ၊ မင်းကားသွားယူ၊ သွား"

'အေးလေ၊ ဖအေလုပ်သူက သူ့မျက်နှာမြင်ချင်လွန်းလို့ တငင်ငင်နဲ့ ၊ တိုက်ကြီးပေါ်က ခုန်ချပြီး အဆောင်မှာ နေတဲ့ ကောင်၊ မင်းတစ်ယောက်ပဲ ငါမြင်ဖူးသေးတယ်"

"ဟုတ်တယ် မိုးရိပ်၊ မင်းဖားသားကြီးက သူတို့ ထက် မသာရင်တောင် မနိမ့်ပါဘူးကွ၊ သူ့ဟာသူ နောက်မိန်းမယူတာက ယူတာပဲ၊ မင်းအတွက် အမွေကိစ္စ မရှုပ်ရအောင် ရှေ့နေတွေနဲ့ စီစဉ်ပြီးပြီဆိုတာ အားလုံးသိတယ်"

ဟုတ်ပါတယ်။ သူကသာ ဖေဖေက သားအရွယ်မိန်းမငယ်လေးကို ထပ်ယူလိုက်သောကြောင့် အရှက်ကြီးရှက်ခဲ့မိတာ။

ပြီးတော့ အစကတည်းက ခိုကိုးရာမဲ့မို့ သူဌေးကို အပိုင်ကြံခဲ့ကြသည့် ထိုမိန်းမသည် ဆွေစဉ်မျိုးဆက်အကုန် အိမ်ပေါ်ခေါ်တင် ထားသဖြင့် အိမ်မှာ ခြံစောင့်၊ မာလီဦးကြီး၊ ဒေါ်လေး၊ ညီမ၊ အစ်မ အားလုံး သူတို့ မိသားစုချည်း ဖြစ်နေခဲ့၏။

အဘိုးကြီးကလည်း အိုပြီး ပွတ်ကပ်ချွဲနွဲ့နေတာက နေရာမရှောင်။

ထို့ကြောင့် သူ့အိမ်ပေါ်က ဆင်းလာခဲ့သည် ။

ဖေဖေလည်း မှားမှန်းသိ၍ သူ့ကို အထပ်ထပ် တောင်းပန်ခဲ့သည် ။

ဒါပေမဲ့ ရှက်တာက ရှက်တာပဲ ဖြစ်၏။

အားလုံးဟာ ငွေကြောင့်ပဲ ဖြစ်သည် ။ သူ ငယ်စဉ်ကတည်းက မေမေဆုံးသွားခဲ့တာ။

ဖေဖေဟာ သူ့ဆယ်တန်းဖြေပြီးတဲ့ အထိ နှစ်များ စွာကို သားအဖနှစ်ယောက်တည်း နွေးထွေး စွာလက်တွဲဖြတ်သန်းခဲ့သည် ။

သူတို့ သားအဖ၏ နွေးထွေးနေခဲ့သော မေတ္တာပေါင်းကူးတံတားလေးကို မိုးမိခံလိုက်ရတာ ငွေကြောင့်။

ငွေမက်သူတို့ ၏ ဖျက်ဆီးမှုအောက်မှာ ဖေဖေ့ကို သူဆုံးရှုံးခဲ့ရ၏။ ထို့ကြောင့် မက်မောတဲ့ သူ တွေ စံစားကြပါစေ။

သူအိမ်ပေါ်က ဆင်းလာခဲ့တာ အဝတ်အိတ်လေးတစ်လုံးပဲ ပါသည် ။

ထိုစဉ်က ဖေဖေ ငိုချတော့မတတ်၊ ခေါက်တုံ့ခေါက်ပြန်လာချော့ခေါ်သည် ။

"သား၊ ဒီလိုဖယ်ပေးဖို့ မလိုပါဘူး၊ သားရယ်၊ သူတို့ ကို နေရာပေးသလို မလုပ်ပါနဲ့ ၊ ဖေဖေ့ ဆီမှာ ပဲ ပြန်လာနေပါ၊ အဖေဟာ မိန်းမတစ်ယောက်အတွက်နဲ့ သားမှန်းမသိ၊ သမီးမှန်းမသိ စုံလုံးကန်းမယ့်လူ မဟုတ်ပါဘူး"

ဖေဖေ ဘယ်လိုပဲခေါ်ခေါ် သူမလိုက်ခဲ့ဘဲ အဆောင်မှာ ပဲ နေသည် ။ ဖေဖေကသာ လာတွေ့သည် ။ သူကမသွား။

"ဟိုမှာ မနေချင်လည်း သားစီးနေကျကားတော့ ယူထားပါ၊ ကားနှစ်

စီးလုံးကို ဖေဖေ အမြဲ ဂရုစိုက် ဆေးကြောထားတာ၊ ဘယ်သူမှ အကိုင်မခံဘူး"

ဖေဖေကိုယ်တိုင်သူ့ဇနီးနဲ့ အုပ်စုကို စိတ်ပျက်နေပုံပေါ်ကာ သူ့ဆီလာတိုင်း ရွှင်ပျပျ သိပ်မရှိပေ။

မကြာလိုက်ပါ။ အမွေကိစ္စအတွက် ဖေဖေ ပြတ်သားစွာ စီစဉ်တော့ ပြဿနာတွေ ဖြစ်ကြသေး သည် ။

ထို့ကြောင့် ဤကိစ္စက အတော်လေး လူသိများ သွား၏။

သူငယ်ချင်းအားလုံးကလည်း ဖေဖေ့ လုပ်ရပ်ကို အားရနေကြသည် ။

"မင်းကွာ ကိုယ့်အဖေတစ်ယောက်လုံး သူဌေးဖြစ်ရဲ့ သားနဲ့ မိန်းမတစ်ယောက်က အထင်မြင်သေးတာကို လည်စင်းခံနေရတယ်လို့ "

ထင်လင်း တစ်ကနေပြန်စသည် ။

မိုးရိပ်က သဲ့သဲ့ပြုံး၍ -

"နှင်းက အဲဒီလို မိန်းကလေး မဟုတ်ပါဘူးကွာ၊ သူ့နေပုံထိုင်ပုံကို ကြည့်ပါလား၊ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပဲ၊ ဒီလိုလူဟာ ဘယ်တော့မှ စည်းစိမ်မမက်ဘူး၊ သူ ငါ့ကို သက်သက်နှိမ့်ချပြောလိုက်တာ၊ ငါ နောက်ဆုတ်သွားအောင် ရိုက်လွှတ်တာကွ"

"ငါတို့ သိတယ်လေ၊ အဲဒါကို မင်းက အငိုက်ဖမ်းရမှာ ၊ မင်းချမ်းသာရင် သူပြန်ချစ်မယ်လို့ ကတိပေးပြီးပြီ၊ ကဲ မင်းဘာလုပ်မလဲ"

"ငါသိပြီ"

"သိရင်ပြီးရော၊ မနက်ဖြန် သမ္မတရုံမှာ 'မင်္ဂလာပါ' ဇာတ်ကားအတွ

က် ငါကြိုတင်လက်မှတ် နှစ်စောင် သွားဝယ်လိုက်မယ်"

"ရုပ်ရှင်ပြန် ဂုဏ်ပြုစားပွဲအတွက် ဟောဒီမှာ "

ကောင်းကောင်း က ထောင်တန်တစ်ထပ်ကို သူ့ပေါင်ပေါ်ဖျန်းခနဲ မြည်အောင် ချပေး၍ -

"တစ်ဝိုင်းစာ"

မိုးရိပ်က မချိုမချဉ်နှင့် ခေါင်းကုတ်လိုက်တာ -

"သေချာကုန်ပြီလား"

ဟု ရယ်ကျဲကျဲ မေး၏။

"ဒါက မင်းအရည်အချင်းပဲ၊ သူကတော့ ကိုယ့်ထဲကျွံနေပြီ၊ အပိုင်ဆွဲထားနိုင်ဖို့ က မင်းအပိုင်း"

"ဟုတ်တယ်၊ မင်းကို နှင်းဖြုတ်ထားတာ ခွေးလဲဝက်လဲ လဲထားတာနော်၊ မင်းညံ့လို့ ကတော့ လုံးဝ ခွင့်မလွှတ်ဘူး"

သူငယ်ချင်းတွေက ကျပ်ကုန်ကြပြီ။

နှင်းကို သူလည်း ချစ်နေသည် ။

ထို့ကြောင့် အချစ်အတွက် သူဆုံးဖြတ်ဖို့ တစ်ခုပဲရှိတော့သည် ။

*

# အခန်း (၄)

ဆီဒိုးနားဟိုတယ်ထဲက ထွက်လာတော့ ယားသလိုလို နာသလိုလို ဒုက္ခက ပို၍ ဆိုးရွာလာသည် ။ ဝတ်ထားရသည့် နို့နှစ်ရောင် ဇာအင်္ကျီက ကိုယ်ကျပ်လက်ပွ၊ လည်ပင်းမှာ စိန်ကုံးသုံးကုံးဆင့်နှင့် ငါးတန်းသွား စိန်ခွေလက်ကောက်နှင့် လက်ရှစ်ချောင်းမှာ လက်စွပ်တွေက ထပ်ညပ်နေသည် ။

ဝတ်လာတုန်းကတော့ ဒါဝတ်စမ်း၊ ဒါလေးပါဝတ်၊ ဝတ်ဆိုဝတ် စသည့် မာမီ့အမိန့်များကြောင့် ချပေးသမျှ အကုန်ကောက်ဝတ်ပစ်လိုက်တာ အရွဲ့တိုက်ခဲ့တာပင်။

ကျောကယားသလိုလို၊ ဂုတ်က ယားသလိုလို။

မင်္ဂလာဆောင်ဆိုလျှင် ဆုံးဖြတ်ပြီးသား ဖြစ်သွားသည် ။

မျက်နှာမှာ မလိမ်းချင်သည့် မိတ်ကပ်တွေပါ လိမ်းထားရသည် ။

ဒါတွေကို လူမမာယောင်ဆောင်ထားရှာသည့် ပန်းက လိမ်းပေးလိုက်တာ။

နေမကောင်းလို့ ဆေးခန်းသွားပြ၍ တစ်မျိုး၊ ကျန်းမာရေး လမ်းလျှောက်ဖို့ ဆိုတာက တစ်မျိုး မာမီ့ကို အကြောင်းအမျိုးမျိုးပြ၍ အပြင်ထွက်။

ပြီ:တော့ စိုးနဲ့ ချိန်းတွေ့၊ သူတို့ တွေ့ဖို့

အဖော်လိုက်ပေးခဲ့ရတာလည်း နှင်းပဲ ဖြစ်သည် ။

ခုလည်း သူ လူမမာလုပ်နေသဖြင့် မင်္ဂလာပွဲကို နှင်းလာခဲ့ရသည် ။

ဒီပွဲမျိုးတွေကို မလာချင်တာ အဲဒီလို ဝတ်ရ ပြင်ရ၍ ဖြစ်သည် ။ စိတ်ကျဉ်းကျပ်သည့် ဒုက္ခက သေးတာမဟုတ်။

ကားပေါ်ထိုင်လိုက်မိသည် နှင့် ပွစိပွစိ ရှုံ့တွနေမိရင်း ကားကိုပါကင်ထဲက ထွက်ဖို့ စတီယာရင်ပေါ် လက်တင်ရုံလေးရှိသေးသည် ။

"အိုဘယ်လိုဟာလဲ"

ပါကင်ထဲကို ဘက်ဆုတ်ဝင်လာသည့် ကားတစ်စီးက လွတ်သည့်ကြားထဲကို မဝင်ဘဲ သူမကားတည့်တည့်ကို ဆုတ်လာရာ -

"ဟယ်"

သွားပြီဆိုသည့် အသိနှင့်အတူ "ဂျိမ်း" မြည်သံနှင့် ကားမီးလုံး ကျကွဲသံက နှင်းရင်ကို တစ်စုံတစ်ရာနှင့် ထိုးခွဲသွားသည့်နှယ်။

"ကြည့်စမ်း"

တက်တစ်ချက်ခေါက်ကာ နှင်း ကားပေါ်ကနေ ဝုန်းဒိုင်းကျဲဆင်းသည် ။

ထိုကားနံဘေးသို့ ဆိုးဆိုးဆတ်ဆတ် ရောက်သွားလျက် တံခါးကို ခပ်ရိုင်းရိုင်းပဲ ဆွဲဖွင့်ပစ် လိုက်၏။

"ဒီမှာ "

"ဗျာ"

"ဟင် နင်"

ကားပေါ်မှာ နှင်းဘယ်လိုမှ ထင်မထားသည့်လူ။

လှိုင်းတွန့်ရှိသော ဆံပင်ခပ်အုပ်အုပ်ကို ခလယ်ခွဲနှင့် ဖောရိန်းရှပ်အဖြူစင်းလေးကို ဝတ်ထား၏။

ဖြူဝင်းရှင်းသန့်နေသည့် မျက်နှာက တည်သလို ရယ်သလိုနှင့် သူမကို ခပ်စူးစူး မော့ကြည့်၍ မေးဆတ်ပြ၏။

"မိုးရိပ် နင်နင် ငါ့ကို တမင်လုပ်လိုက်တာ မဟုတ်လား"

"ဘယ်ကလာ အရမ်းလှတာပဲ"

"ဘာ"

"မလုပ်ဘူးလို့ ပြောတာ၊ တကယ်လှတယ်"

"မိုးရိပ်"

နှင်း ဒေါသဖြစ်ဖြစ်နှင့် တံခါးကို ဆောင့်ပိတ်ပစ်လိုက်တော့ မိုးရိပ်က ဖမ်းကိုင်ထားပြီး ကားပေါ်က ဆင်းလာ၏။

"ထောင်ကျော်တန်တဲ့ ကားကြီးကို မီးလုံးကွဲအောင် တို့ လုပ်ရဲပဲ့ါမလား နှင်းရယ်၊ ခုပဲ လျော်ပေးရတော့မယ်၊ ကဲ"

"ဟုတ်တယ်၊ ခုလျော်ပေးရမှာ "

နှင်းက မိုးရိပ်မောင်းလာသည့် ပရာဒိုကားကြီးကို သေချာကြည့်ပြီးမှ -

"နင်က တမင်လုပ်တော့လည်း ငါက ပြတ်သားရမှာ ပေါ့၊ မီးလုံးတန်ဖိုးအပြင် ဘေးမှာ ထိခိုက်မိတာတွေ အတွက်ပါ နင်လျော်ရမယ်"

"ရပါတယ်၊ တို့ လျော်နိုင်ပါတယ်၊ ဒါပေမဲ့ ခုတော့ မပါဘူး"

မိုးရိပ်ဖြေပုံကြောင့် နှင်း ဒေါသထောင်းခနဲ ဖြစ်သွားသည် ။

"မိုးရိပ်၊ ငါက နင့်နောက်ကိုလိုက်ပြီး အလျော်တောင်းရဦး မယ်ပေါ့ ဟုတ်လား၊ ဒီမှာ မျက်နှာကို သေချာကြည့်ထား"

"လုပါတယ်လို့ တို့ ပြောထားသားပဲ နှင်းရယ်၊ အဲဒီကားကိစ္စကြီးကို ခဏလေး ထားလိုက်စမ်းပါ၊ နာရီပိုင်းအတွင်း နှင်းရှေ့ကို အတိအကျ ပြန်ရောက်လာစေရမယ်၊ နှင်းမယုံရင် တို့ ကို နှစ်နာရီလောက် ခဏလေး အပေါင်ယူထား"

"နင်"

နှင်းက ရိုက်ချလိုက်တော့မလို လက်ပြင်လိုက်ပြီးမှ အံကြိတ်ထားလျက် -

"နင့်လို ခွေးချကျွေးလို့ ကျီးမထိုးတဲ့ ရုပ်ကို မဖြစ်လို့ မျက်နှာချင်းဆိုင်နေတာ သိလား"

"ဟာ ကုန်ပါပြီကွာ၊ သေချာကြည့်ပါဦး၊ အဲဒီလောက်ထိပဲလား"

ရှုံ့မဲ့တွန့်လိမ်သွားပုံကို ကြည့်၍ ဒေါသဖြစ်နေရင်းမှ နှင်းစိတ်တွေ ဖြုတ်ခနဲ နူးညံ့သွားကာ ပြုံးမိတော့မတတ် ဖြစ်သွား၏။

"နှင်း နှင်းပြောသလို တို့ ချမ်းသာသွားပြီ"

"အဲဒါ ဘာဖြစ်လဲ"

"လူမစွမ်းလို့ နတ်မ,တာ မဟုတ်ဘူး နော်၊ ဒါတို့ ကား၊ တို့ စီးတာ၊ နောက်ထပ်တစ်စီး ရှိသေးတယ်၊ မူးရင်းလိပ်စာက ပြောရဦးမလား"

ကားမီးလုံးကွဲကတည်းက ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည့် မင်္ဂလာပွဲထဲက ထွက်လာကြသည့် လူတွေကို နှင်းသတိရလာတော့ ရှက်

စိတ်လေးဝင်၏။

ပ ါက င်မ ၂ ၁ တာဝန်ယူသည့် ဟိုတယ်ဝန်ထမ်းလေးကလည်း ကားချင်းတိုက်မိတော့ အနား ရောက်လာသေးသည် ။

သို့သော် သူတို့ ချင်း နာမည်တွေခေါ်လိုက်ကြတော့ ခြေလှမ်းတုံ့သွားရာမှ ခုတော့ ဘယ်ရောက်သွားမှန်းမသိ။

"နှင်း၊ ကတိပေးထားတာကို မမေ့သေးပါဘူးနော်"

နှင်းက ပတ်ဝန်းကျင်ကို ရှက်လာကာ ကားထဲပြန်ဝင်ဖို့ ဟန်ပြင်ပြီးမှ သူ့စကားကြောင့် မျက်မှောင်လေး ကုတ်သွား၍ -

"မိုးရိပ်၊ နင် ငါ့ကို ပြဿနာတစ်ခုပြီးတစ်ခု ရှာပြီး ဇာတ်လမ်းတွေ ဆင်မနေနဲ့ နော်၊ ငါ့ကားမီးလုံး"

"ထားလိုက်ပါဆိုကွာ၊ ခုချက်ချင်း အဲဒီကိစ္စလုပ်ပေးမယ်၊ နှင်း အခု လုပ်ရမှာ က တို့ ကို အဖြေပေးဖို့ "

"ဘာ"

"ကတိအတိုင်းပဲလေ"

"ဘာကတိလဲ၊ နင်တို့ ဗရုတ်သုတ်ခပြောသွားတိုင်း ကတိဖြစ်ရရောလား"

မိုးရိပ်မျက်နှာက ချက်ချင်းပြောင်းလဲသွားကာ ခပ်တည်တည်ကြီး ဖြစ်သွား၏။

"ကောင်းပြီလေ၊ တို့ က ဗရုတ်သုတ်ခ ပြောမိတယ်ပေါ့၊ နှင်းပါးစပ်က ပြောသွားတဲ့ စကားကကော"

နှင်းမျက်နှာလေး ပျက်သွားသည် ။

"ရှောင်ထွက်ဖို့ မကြိုးစားနဲ့ နှင်း၊ နှင်းအချစ်ကို တို့လိုချင်လို့ တို့ မလုပ်ချင်ဆုံး အလုပ်ကို အခုလုပ်ခဲ့ရပြီ"

နှင်းနဲ့ သူ မျက်လုံးချင်း ဆုံသွား၏။

"တို့ ကို နှင်းပြန်မချစ်ဘူး၊ ကတိပေးခဲ့တာ အလကားဆိုရင် ဟောဒီစာစောင်တွေကို နှင်းနဲ့ နီးစပ်သမျှ နေရာတွေမှာ အကုန်လိုက်ကပ်မယ်"

"ဟင် ဘာလဲ အဲဒါ"

နှင်းက သူ့ကားထဲက ဆွဲယူပြသည့် စာရွက်ဖြူတစ်ထပ်ကို ဖျပ်ခနဲ လှမ်းယူကြည့်လိုက်၏။

နှင်းမကိုင့်ဟာ ကျွန်တော့်ကို ချမ်းသာလျှင် ချစ်ပါမည်ဟု ကတိပေးခဲ့ပြီးမှ အခု ကတိကို ဖောက်ဖျက်၍ သစ္စာမဲ့သွားပါသည် ။

နှင်းမကိုင့်ဆိုသော မိန်းကလေး၏ ကတိပျက်မှုကြောင့် ချမ်းသာရန်ကြိုးစားခဲ့သမျှ အခု အသည်းကွဲနေပါပြီ။ နှင်းမကိုင့်ကို ပြောပေးကြပါ။ ဒီကောင်လေး သနားပါတယ်လို့ ။

နှင်းမကိုင့်ရယ် ပေးခဲ့တဲ့ ကတိကို မင်းဖျက်ပေမယ့် ကျွန်တော်က ခုချိန်ထိ ဆုပ်ကိုင်ရှူးသွပ် နေခဲ့ပါတယ်။ ချမ်းသာမှ ချစ်မယ်ဆို။

ကြည့်စမ်း၊ ကြည့်စမ်း။

စာရွက်တွေက အထပ်လိုက်၊ တစ်စောင်ကိုတစ်မျိုး။

နှင်း ရှက်လည်း ရှက်၊ ဒေါသလည်း ဖြစ်ကာ အားရှိပါးရှိ ဆွဲဆုတ်ပစ်လိုက်လေသည် ။

"ရပါတယ်၊ ဒါမျိုးတွေ တို့ သူငယ်ချင်းသုံးယောက်လက်ထဲမှာ နောက်ထပ် အများကြီး ရှိသေးတယ်"

"မိုး ရိပ်"

"ဟင်"

"နင့်နာမည် မိုးရိပ်ဆင် မဟုတ်ဘူး သိလား၊ ပလီတိချောက်ချက်ဉာဏ်တွေ ဆင်နေတာ၊ မိုးရိပ်ဆင်လို့ မပေးနဲ့ ၊ မကောင်းဉာဏ် ဆင်လို့ပေး၊ ဒါသက်သက် ယုတ်မာတာ၊ ငါ့သိက္ခာကျအောင် လုပ်ဖို့ ဉာဏ်ဆင်တာ"

"မဟုတ်လို့ လား နှင်း၊ နှင်း တို့ ကို ကိုယ်တိုင်ကတိပေးခဲ့တာ မဟုတ်ဘူး လား"

"အဲဒါ"

"နှင်းဘက်က ပြောင်းလဲသွားလည်း တို့ ကတော့ မပြောင်းလဲနိုင်ဘူး ၊ တို့ ကို ပြန်ချစ်မှာ လား၊ ဒါတွေ လိုက်ကပ်ရမှာ လား"

"ကပ်ကြည့်ပါလား၊ နင်တို့ ကို အုပ်စုလိုက် ထောင်ထဲရောက် သွားအောင် လုပ်ပစ်မှာ ပေါ့"

"လုပ်လေ၊ တို့ က ချစ်တဲ့ အကြောင်းရေးတာပဲ၊ ရုံးရောက်တော့ ပိုကောင်းတယ်၊ မျှော်လင့်ချက်ကြီးစွာ ထားခဲ့ရှာတဲ့ အသည်းကွဲသမားအဖြစ် စီရင်ချက်ချမယ့် တရားသူကြီးပါ မျက်ရည်ကျသွားအောင် တို့ ငိုပြလိုက်မယ်၊ လူသိရှင်ကြားဖြစ်လေ ကောင်းတာပဲ"

"တောက်"

နှင်းမီးလုံးကိစ္စကိုလည်း သတိမရတော့ဘဲ ကားပေါ် ဆောင့်အောက်တက်ကာ တံခါးဆွဲ ပိတ်လိုက်သည် ။

မိုးရိပ်က နောက်က ကပ်လိုက်လာကာ ဘယ်က ဆွဲထုတ်လိုက်မှန်းမ

သိသော ဟမ်းဖုန်းကို ဖွင့်၍ -

"ဖေဖေ ခြံနံပါတ် (----) ကို ဖေဖေကိုယ်တိုင် သွားပေးပါ၊ အဲဒီက ကား ကျွန်တော့်ကြောင့် မီးလုံးတစ်လုံးကွဲသွားတယ်၊ ဖေဖေပဲ ပြီးစီးအောင် လုပ်ပေးပါ"

သူဖုန်းဆက်နေသံက ပျောက်သွားသော်လည်း နောက်ကြည့်မှန်ထဲမှ အနိုင်ပိုင်းသွားသည့် အပြုံးစနှင့် ပုံရိပ်က တစ်ဖက်ကို ကားမကွေ့မချင်း မြင်နေရသည် ။

ဘယ်လိုလုပ်မလဲ နှင်း၊ နင် ပေါ့ပေါ့လေးပြောခဲ့တာ၊ အခု ဘယ်လိုလုပ်မလဲ၊ နောက်ပြန်လှည့် မလား၊ ရင်ဆိုင်မလား။

နှင်း ကားမောင်းရင်း ချွေးပြန်ချင်လာ၏။

ဇာခြည်ကို သွားပြောလို့ ကတော့ ကောင်းကောင်းကြီး ဩဘာပေးပါလိမ့်မည်။

"နင့်ကို ငါမပြောဘူးလား" လို့ အားရပါးရ ဆူဦးမည်။

နှင်း ရင်တွေခုန်နေတာ ဘာကြောင့်မှန်းမသိ။

*